ETHNIC ARMED ORGANIZATIONS SUMMIT
LAW KHEE LAR KAREN STATE 2-9 JUNE 2015

## တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ ကိုယ်စားလှယ်နှင့် နိုင်ငံတော်သမ္မတအကြားတွေ့ဆုံဆွေးနွေးခြင်း

## သတင်းထုတ်ပြန်ချက်

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက်နေ့
ရန်ကုန်မြို့၊ မြန်မာနိုင်ငံ

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင် (၉) ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်နေ့တွင်နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာတွင် တွေ့ဆုံ ဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင်တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ထိပ်သီး ခေါင်းဆောင်ကိုယ်စားလှယ်အဖွဲ့မှတစ်နိုင်ငံလုံးဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ် (NCA) တွင် အားလုံးပါဝင်လက်မှတ်ရေးထိုးရေးမှုကိုအဓိကထားဆွေး နွေးခဲ့ကြပြီး အနည်းဆုံး တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၏ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ် (SD) အဖွဲ့ဝင် (၁၅) ဖွဲ့ ပါဝင်နိုင်ရေးကိုအဆိုပြုတင်ပြခဲ့သည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှအားလုံးပါဝင် ရေးအပေါ်မူအရလက်ခံကြောင်းနှင့် လက်တွေ့အကောင်အထည်ဖော် နိုင်ရန်အတွက် အဆင့်ဆင့် နည်းလမ်းရှာ၍ လုပ်ဆောင်သွားမည်ဖြစ်သည်ဟုပြန်လည်ဆွေးနွေး ခဲ့သည်။

ထို့အပြင်နိုင်ငံတော်သမ္မတမှ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလပထမအပတ်တွင် NCA ကို လက်မှတ် ရေးထိုးရန်ပြောဆိုခဲ့သည်။နိုင်ငံတော်အစိုးရဘက်မှတင်ပြသည့်လက်မှတ်ရေးထိုးမည့်အချိန် ကာလ မတိုင်မီ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်း များမှ NCA လက်မှတ်ရေးထိုးရာတွင်အားလုံးပါဝင်လက်မှတ်ရေးထိုးနိုင်ရန်အတွက်ကြိုးပမ်းသွားမည်ဖြစ်သည်။

တစ်နိုင်ငံလုံးဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ်ကို လက်မှတ် ရေးထိုးရာတွင် အဓိကကျသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ အားလုံးပါဝင်နိုင် ရေးသည် ယုံကြည်မှုကိုခိုင်မာစွာ တည်ဆောက်နိုင်ရန်အတွက် အရေးကြီး

သည်သာမက မြန်မာ နိုင်ငံ၏ ရေရှည်ငြိမ်းချမ်းရေးအတွက်ပါ လွန်စွာအရေးကြီးကြောင်း တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများက အခိုင်အမာယုံကြည်ပါသည်။

**ဆက်သွယ်ရန်**

ပဒိုစောကွယ်ထူးဝင်း- ၀၉ ၄ ၂၂၁၉ ၁၉ ၄၁
မှူးဖင်ကျို- ၀၉ ၇ ၈၈၀၉ ၂၀၄၂

**သတင်းနှင့်ပြန်ကြားရေးအဖွဲ့ -**

အီးမေးလ်- sd.media.eaos@gmail.com
ဖုန်း 092-6409-7219